**ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့**

**၁၉၆၆ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေနှင့်ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး (ရပ်ဆိုင်းခြင်း) အက်ဥပဒေများ ရုပ်သိမ်းသည့် ဥပဒေ။**

**[၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၆။]**

**၁၃၂၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်။**

**(၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်။)**

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ ၁၉၆၆ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးအက်ဥပဒေနှင့် ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး (ရပ်ဆိုင်းခြင်း) အက်ဥပဒေများ ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၆ ခု၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အာဏာတည်ရမည်။

၂။ ။ (၁) အောက်ပါအက်ဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၁။ ၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးအက်ဥပဒေ။

၂။ ၁၉၆၁ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေး (ရပ်ဆိုင်းခြင်း) အက်ဥပဒေ။

(၂) ယင်းသို့ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံယေဘုယျစကားရပ်အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်စေရမည်။

၃။ ။ (၁) ပုဒ်မ ၂အရ အက်ဥပဒေများကိုရုပ်သိမ်းစေကာမူ၊ ၁၉၆၁ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး (ရပ်ဆိုင်းခြင်း) အက်ဥပဒေအရ ၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေအာဏာတည် ခြင်းမှ ရပ်ဆိုင်းထားသည့် ဒေသများတွင် ပြန်လည်တည်ရှိ၍၊ အကျိုးသက်ရောက်နေသည့် တည်ဆဲဖြစ် သော ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေပါပြဋ္ဌာန်းချက်များ၊ သို့မဟုတ် ထိုအက်ဥပဒေအရပြု ထားသည့်နည်းဥပဒေများ၊ မြူနီစီပါယ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သို့မဟုတ် ထိုအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများသည်၊ ဆက်လက်တည်ရှိ၍ အကျိုးသက်ရောက်ရမည်။

(၂) ၁၉၆၁ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေး (ရပ်ဆိုင်းခြင်း) အက်ဥပဒေအရ ခန့်ထားခြင်း၊ သို့မဟုတ် အာဏာအပ်နှင်းခြင်းခံရသူ၊ သို့မဟုတ် အဖွဲ့အစည်းများသည်၊ အစိုးရက အခြားနည်း မညွှန်ကြားသေးလျှင်သော်၎င်း၊ သက်ဆိုင်ရာ တည်ဆဲတရားဥပဒေတခုခုအရ အာဏာပိုင်များကို မခန့်ထားသေးလျှင်၊ သို့မဟုတ် အာဏာမအပ်နှင်းသေးလျှင်သော်၎င်း၊ မိမိတို့အားအပ်နှင်းထားသည့် အာဏာများနှင့် ပေးအပ်ထားသော အလုပ်ဝတ်တရား တာဝန်ဝတ်တရားကို ဆက်လက်သုံးစွဲ ဆောင်ရွက်ရမည်။

Myanmar Law Information System (MLIS)

၄။ ။ ၁၉၄၆ ခုနှစ်၊ ဒေသန္တရအာဏာပိုင်များ (ရပ်ဆိုင်းရေး) အက်ဥပဒေ[The Local Authorities (Suspension) Act, 1946] သည်၊ အချို့သော ဒေသန္တရအဖွဲ့ များနှင့်စပ်လျဉ်း၍ အာဏာတည်ခြင်းမှ ရပ်စဲစေကာမူ၊ အဆိုပါအက်ဥပဒေသည်၊ မည်သည့်အခါကမျှ၊ အာဏာတည်ခြင်းမှ မရပ်စဲဘိသကဲ့သို့ ဆက်လက်အာဏာတည်မြဲတည်လျက်ရှိရမည့်ပြင်၊ ယင်းသို့ အာဏာတည်ခြင်းမှ ရပ်စဲပြီးနောက်အဆိုပါ အက်ဥပဒေအရပြုလုပ်သည့် ဆောင်ရွက်ချက်များမှာလည်း တရားဝင်ခိုင်မြဲသည်ဟု မှတ်ယူရမည်။

၅။ ။ ပုဒ်မ ၂ (၁) တွင် ဖေါ်ပြသည့် အက်ဥပဒေများ ရုပ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ တည်ဆဲတရားဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး၊ သို့မဟုတ် တခုခုထမြောက်အောင်မြင်အောင်ဆောင်ရွက်ရာတွင် အခက်အခဲပေါ် ပေါက်လာလျှင်၊ အစိုးရသည်၊ ထိုအခက်အခဲ ပပျောက်ရန် အလို့ငှါ အကြောင်းအားလျော်စွာ၊ အမိန့်ဖြင့်၊ လိုအပ်သည့်ထင်မြင်သော မည်သည့်ဆောင်ရွက်ချက်ကိုမဆို ပြုလုပ်ဆောင်ရွက်နိုင်သည်။

(ပုံ) ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်။

(၁၉၆၆ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်။)

အမိန့်အရ၊

ဗိုလ်မှူးကြီး ကိုကို၊

အတွင်းဝန်၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

Myanmar Law Information System (MLIS)